**ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) ၏ သဘောထားထုတ်ပြန်ကြေညာချက်**
**၂၈ နိုဝင်ဘာ ၂၀၁၄**

**အစိုးရစစ်တပ်မှ လက်နက်ကြီးများဖြင့် ဆက်တိုက်ပစ်ခတ် မှုကြောင့် ကချင်-တရုတ်နယ်စပ်တလျှောက် နေထိုင်သော ထောင်သောင်းချီသောဒေသခံ ကချင်ပြည်သူများ၏ အသက်အန္တရာယ် ခြိမ်းခြောက်နေမှုအပေါ် KWAT မှ ရှုတ်ချသည်**

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း မြန်မာအစိုးရစစ်တပ်မှ လိုင်ဇာနှင့် မိုင်ဂျာယန်ဒေသများအတွင်းသို့ လက်နက်ကြီးများဆက်တိုက်ပစ်ခတ်နေမှုအပေါ် ကချင်အမျိုးသမီးများ အစည်းအရုံး (ထိုင်းနိုင်ငံ) မှ ပြင်းပြင်းထန်ထန် ရှုတ်ချပါသည်။ ထိုသို့ပစ်ခတ်မှုများကြောင့် သင်တန်းသားဗိုလ်လောင်း ၂၃ ယောက်ကျဆုံးခဲ့သည်သာမကထိုဒေသ တွင်းနေထိုင်လျှက်ရှိသော ထောင်သောင်းချီသည့် ဒေသခံ ပြည်သူများ၏ အသက်အန္တရာယ်ကိုလည်း ခြိမ်းခြောက်ခဲ့သည်။ ထို့ကြောင့် မြန်မာစစ်တပ်အနေဖြင့် ထိုးစစ် ဆင်မှုများချက်ချင်းရပ်တန့်ပေးရန်နှင့် တပ်စွဲထားမှုများအား ပြန်လည်ရုပ်သိမ်းပေးရန် KWAT မှ တောင်းဆိုပါသည်။

နိုဝင်ဘာ ၁၉ ရက်တွင် လိုင်ဇာဒေသရှိသင်တန်းသားဗိုလ်လောင်း ၂၃ ဦးကျဆုံးခဲ့ပြီး အယောက် ၂၀ ကျော် ဒဏ်ရာရစေခဲ့သည့် မြန်မာအစိုးရစစ်တပ်၏ လက်နက်ကြီးပစ်ခတ်မှုအပြီးနောက်ထပ် ၃ ရက်အကြာတွင် လည်း အစိုးရစစ်တပ်မှ မိုင်ဂျာယန် အနောက်ဘက်ခြမ်းကိုလည်း လက်နက်ကြီးဖြင့် ခြောက်ကြိမ် တိုင်တိုင် ပစ်ခတ်ခဲ့သည်။အစိုးရစစ်တပ်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးများသည် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည် (IDPs) ၁၆၁၆ နေထိုင်လျှက်ရှိသည့် *အင်ခေါင်ပါ* စစ်ရှောင်ဒုက္ခသည်စခန်းနှင့် လူပေါင်းရာချီနေထိုင်သည့် ဘွမ်ကထောင်ရွာနှင့် မထန်ရွာအနီးသို့ ကျရောက်ခဲ့သည်။ကံကောင်းထောက်မစွာဖြင့် တစုံတယောက်မျှ ဒဏ်ရာ ရရှိခဲ့ခြင်းမရှိခဲ့သော်လည်း ဒုက္ခသည်အများအပြားမှာအနီးအနားရှိတောတောင်များထဲသို့ ထပ်မံတိမ်းရှောင်ခဲ့ကြရသည်။

နိုဝင်ဘာလ ၂၃ ရက်တွင်လည်းအစိုးရစစ်တပ်သည်လူပေါင်း ၂၀,၀၀၀ ခန့်နေထိုင်နေသည့် လိုင်ဇာနယ်မြေထဲသို့လက်နက်ကြီးဖြင့် ရှစ်ကြိမ်တိုင်ပစ်ခတ်ခဲ့ပြန်သည်။ ဤပစ်ခတ်မှုများထဲမှ တစ်ကြိမ်သည် လိုင်ဇာမြို့ အနောက်ဖက်ခြမ်းရှိ ရွှေ့ပြောင်းကလေးငယ် ၁၀၀၀ ခန့် နေထိုင်ပညာသင်ကြားလျှက်ရှိသောဘော်ဒါဆောင်ရှိသည့် အားလျန့်ဘွမ်ဒေသသို့ ကျရောက်ခဲ့သည်။လက်နက်ကြီးပစ်ခတ်မှု နောက်တစ်ကြိမ်သည် ဒုက္ခသည်ပေါင်း ၈၈၇၀ နေထိုင်လျှက်ရှိသည့် **ဂျေယာန်** ဒုက္ခသည်စခန်းနှင့် မီတာငါးဆယ်ခန့်အကွာတွင် ကျရောက်ခဲ့သည်။လက်နက်ကြီးပစ်ခတ်မှု နောက်ထပ်တစ်ကြိမ်မှာဒုက္ခသည်ပေါင်း ၂၀၁၀ နေထိုင်သော ဖွမ်လုံယာန် ဒုက္ခသည်စခန်းသို့ ကျော်ပြီးတရုတ်နိုင်ငံထဲသို့ ကျရောက်ပေါက်ကွဲသွားခဲ့သည်။

ပြီးခဲ့သည့် အပတ်အတွင်းရာပေါင်းများစွာသောအစိုးရစစ်သားများသည် လိုင်ဇာနှင့် ဗန်းမော်မြို့အနီးတဝိုက် တွင် ထပ်မံအင်အားဖြည့်တင်းရန် ရောက်ရှိလာသောကြောင့် ဒေသခံ ပြည်သူများအကြားနောက်ထပ် ဖြစ်လာနိုင်သည့် တိုက်ပွဲများအတွက် စိုးရိမ်စိတ်များ မြင့်တက်လာကြသည်။ ယခုကဲ့သို့ မြောက်မြားစွာသောဒေသခံပြည်သူများအတွက်အန္တရာယ်ကျ

ရောက်စေနိုင်ရုံသာမကလက်ရှိဆောင်ရွက်နေဆဲဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပါ လုံးဝ ဖျက်ဆီးပစ်နေသည့် အစိုးရစစ်တပ်၏ ထိုးစစ်ဆင်မှုအပေါ်
KWAT မှ ကန့်ကွက် ရှုတ်ချပါသည်။

"နိုင်ငံအဝှမ်းအပစ်ခတ်ရပ်စဲရေးဆွေးနွေးမှုလုပ်နေသည့်အချိန် ဒီလောက်အရေးကြီးတဲ့ အချိန်ကာလမှာ ဘာဖြစ်လို့ အစိုးရစစ်တပ်က ထိုးစစ်ဆင်မှုအသစ်ကို ဘာဖြစ်လို့ထပ်မံပြုလုပ်ရတာလဲ။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကြီးကို အစိုးရစစ်တပ်ဘက်ကအနှောင့်အယှက် ဖြစ်စေချင်တာလား" ဟု(KWAT) မှ ရှယ်လီဆိုင်းမှ မေးခွန်းထုတ်လိုက်သည်။

ယုံကြည်မှုပြန်လည်တည်ဆောက်ရန်အတွက်အစိုးရစစ်တပ်အနေဖြင့် တိုင်းရင်းသားဒေသအတွင်း ထိုးစစ်ဆင်မှုများကိုရပ်တန့်ရန်နှင့် ရှေ့တန်းတပ်စခန်းများအားချက်ချင်းရုတ်သိမ်းပေးရန် လိုအပ်သည်။ မြန်မာအစိုးရအနေဖြင့် စစ်မှန်သည့် ဖက်ဒရယ်စနစ် ဒီမိုကရေစီ ပြည်ထောင်စုစနစ် ပေါ်ထွန်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် နိုင်ငံရေးဆွေးနွေးပွဲများစတင်လုပ်ဆောင်သင့်သည်။

ဆက်သွယ်ရန်
ဆိုင်းသျှဒန်  - +၆၆ (၀) ၈၉ ၆၃၉ ၆၀၈၀
ဂျေစီကာ အင်ခွမ် - +၆၆ (၀) ၈၉ ၉၅၄ ၇၀၇၄


Email: kwat.secretariat@gmail.com
Website: www.kachinwomen.com

ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) သည် ကချင်အမျိုးသမီးများအရေးလုပ်ဆောင်နေသော လူမှုအဖွဲ့အစည်းတရပ်ဖြစ်သည်။ မိမိတို့သည် ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့် အသီးသီးရှိ ဆုံးဖြတ်ချက်ချသော နေရာများတွင် ပါဝင်ဆုံးဖြတ်နိုင်ရန် အမျိုးသမီးများအားလုံး စွမ်းရည်မြင့်မားပြီး ကချင်ကလေးငယ်များအားလုံးမှာလည်း ၄င်းတို့၏ စွမ်းရည်များကို ဖြည့်စွမ်းနိုင်မည့်အခွင့်အလမ်းရှိ၍ နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်သော ကချင်ပြည်နယ်တခု ဖြစ်ပေါ်လာရေးအတွက်မျှော်မှန်းသည်။

## မြန်မာအစိုးရစစ်တပ်၏ လက်နက်ကြီးဖြင့် ပစ်ခတ်ခံရသည့် ဒေသများကို ညွှန်ပြထားသည့်မြေပုံ




နိုဝင်ဘာလ ၂၃ ရက်နေ့ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း




နိုဝင်ဘာလ ၂၂ ရက်နေ့ လက်နက်ကြီးဖြင့်ပစ်ခတ်ခြင်း